ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဥ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခုကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ်ဆိုပြီးနောက် မိမိ အမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ "ကျွန်ုပ် -------- သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

မိမိနေရာ ပြန်လို့ရပါပြီ။

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၃.၄၉) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုကို ဖတ်ကြား တင်ပြပါမယ်။

ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ပြည်ပခရီးစဉ်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ပြည်ပခရီးစဉ်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးယိန်း၊ ချင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးကိုတက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခု ကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ ကျန်ရှိတဲ့ ဥပဒေများကို လက်စသတ်ပြီးစီးအောင် ဆောင်ရွက်သွားရမှာ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံး လွှတ်တော် အစည်းအဝေးကာလများကို တတ်နိုင်သမျှ စုံစုံညီညီ တက်ရောက်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပပြီးစီးပြီးနောက် ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း (၃၃)ခု ကျန်ရှိခဲ့ ပါတယ်။ အဲဒီ ဥပဒေကြမ်း (၃၃)ခု ကတော့-

- အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း (၁၄)ခု၊
- အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်နိုင်ရန် ပေးပို့ထားသည့် ဥပဒေကြမ်း (၁)ခု၊
- ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့ လာသည့် ဥပဒေကြမ်း (၂)ခု၊
- ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်း (၁၆)ခု

  စုစုပေါင်း (၃၃)ခုတို့ ဖြစ်ပြီး

ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း (၁၅)ခုရှိပါတယ်။

ဒီဥပဒေကြမ်းတွေနဲ့ စပ်လျဉ်းပြီး လွှတ်တော်မှာ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို တတ်နိုင်သမျှ ပြီးပြတ်အောင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များက အခြားသော မေးခွန်းများ၊ အဆိုများ တင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်းပြီး အရေးတကြီးလိုအပ်ခြင်း မရှိပါက ဆောင်ရွက်ခြင်း မပြုကြရန် မေတ္တာရပ်ခံပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပေးပို့ထားတဲ့ နည်းဥပဒေ (၉)ခုကို ဖြန့်ဝေဖို့ ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၅ မှာ ဖြန့်ဝေတင်ပြသော နည်းဥပဒေများဟာ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း (၉၀) အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းဟာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ကုန်ဆုံးမှာ ဖြစ်တဲ့အတွက် ယခု ဖြန့်ဝေမယ့် နည်းဥပဒေများဟာ ရက်ပေါင်း (၉၀) ပြည့်မီခြင်း မရှိနိုင်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းလိုပါက ဆောလျင်စွာ တင်သွင်းကြဖို့ မေတ္တာရပ်ခံပါတယ်။

ယခု ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးဟာ ပထမအကြိမ် လွှတ်တော် သက်တမ်း တစ်ရပ်ရဲ့ နောက်ဆုံးအစည်းအဝေး ဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများကို အချိန်မီပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သွေးနှင့်သွေး ပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော သွေး နှင့် သွေးပစ္စည်းများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၂-၇-၂၀၁၅ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၁၉-၈-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သွေးနှင့်သွေးပစ္စည်းများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘော တူကြောင်း ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြား လာပါ တယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သွေးနှင့်သွေးပစ္စည်း များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ကိုယ် အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၂၄-၇-၂၀၁၅ ရက်နေ့တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၁၉-၈-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည် ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်၊ အမှတ်(၂)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
### ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ - ၄၇၃
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၂၉-၆-၂၀၁၅) ရက်နေ့တွင် ပေးပို့

လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဥ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် (၂၂-၇-၂၀၁၅) ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။　　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က)　ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဆ) တွင် ဖော်ပြထားသော ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သည့် ရှေ့နေဆိုသည့် စကားရပ်ကို ငှားရမ်းသည့် ရှေ့နေ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဠ) တွင်ဖော်ပြထားသောစကားရပ်များအစား ပြဋ္ဌာန်းပြီးသော မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် ကိုက်ညီမှုရှိစေရန် မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှု ပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည် ဟုလည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(င) တွင် ဖော်ပြထားသော ပြစ်မှုများ စုံထောက်မှုပြုစဥ် ဆိုသည့်စကားရပ်အစား ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှု ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (စ) တွင် ဖော်ပြထားသော လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု ဆိုသည့်စကားရပ်ကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ယုံကြည်မှု ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (ည) နှင့် အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ) တို့တွင် ဖော်ပြထားသော တရားလွှတ်တော်ရှေ့နေများကောင်စီဆိုသည့် စကားရပ်အစား မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများ ကောင်စီဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(ဠ)နှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(င) တို့တွင်ဖော်ပြထားသော အသိအမှတ်ပြု အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ဆိုသည့်စကားရပ်အစား အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်း ဆောင်ရွက်ချက်များ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(စ) တွင်ဖော်ပြထားသော စကားရပ်များအစား အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပြုရေး လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း ဟုလည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(င) တွင်ဖော်ပြထားသော စကားရပ်များအစား ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့၏ လမ်းညွှန်ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ဥပဒေ အထောက်အကူပေးရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ အခန်း၈၊ အခန်းခေါင်းစဉ်ဖြစ်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ရှိ အဖွဲ့

ဝင်တို့၏ သက်တမ်းနှင့် အစားထိုးခန့်ထားခြင်းဆိုသည့် ခေါင်းစဉ်အစား ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့၏ သက်တမ်းနှင့် အစားထိုးခန့်ထားခြင်း ဟုလည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့အဆင့်ဆင့်၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ် ဖြစ်သည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော အဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်း ဆိုသည့်စကားရပ်အစား ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၂၆ ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်း တစ်ခုခုသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၈ ကို အပိုဒ် ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော အချုပ်အနှောင်ခံရသူ ဆိုသည့်စကားရပ်အစား ထိန်းသိမ်း ဖမ်းဆီးခြင်းခံရသူ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ (ခ)ကို အပိုဒ် ၂၆၊ အပိုဒ်ခွဲ (ခ) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ဆိုသည့်စကားရပ်အစား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အသက်မွေးပညာ သင်စခန်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၀ ခြေဆင်းကို၊ အပိုဒ် ၂၇ ခြေဆင်းအဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စွပ်စွဲခံရသူ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရသူ ဆိုသည့် စကားရပ်အစား စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ် ချမှတ်ခြင်း၊ အကျဉ်းချခြင်း ခံရသော တရားခံ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၇၊ အပိုဒ်ခွဲ (ဂ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ကိုယ်အမူအရာ၊ ခြေဟန်လက်ဟန်ဆိုသည့် စကားရပ်၏နောက်တွင် လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေတို့ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၂ ကို အပိုဒ် ၃၈ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ပြည်သူ့ရဲတပ်ဖွဲ့၊ အကျဉ်းထောင်ဆိုသည့်စကားရပ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၄ ကို အပိုဒ် ၄၀ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကိုဆိုသည့် စကားရပ်၏ နောက်တွင် ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ဆိုသည့်

စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၂၆ ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်း၏အောက်တွင် အပိုဒ် ၂၃ အဖြစ် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၉ ကို အပိုဒ် ၄၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၄၅ ၏ အောက်တွင် အပိုဒ် ၄၆ အဖြစ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့် အညီကျင်းပရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း အခန်း (၁၃) ကို အခန်း (၁၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အခန်းခေါင်းစဉ်နှင့် စကားရပ်များအစား အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

**အခန်း(၁၂)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း**

၃၃။ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူများကိုထိရောက် အောင်မြင်စွာပေးနိုင်ရန် ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်း၊ ပြည်ပရှိအဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ၊

၃၄။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည်-

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သောဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သတ်မှတ်ပြီး ယင်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်သုံး ဆောင်ရွက်ရမည်၊

(ခ) ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်ကို ရန်ပုံငွေမှ ခွဲဝေပေးနိုင်သည်၊

(ဂ) ရန်ပုံငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်၊

(ဃ) ရန်ပုံငွေသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ လျှုဒါန်းထောက်ပံ့သည့် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

၃၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည်-

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)အရ ခွဲဝေပေးသောဘဏ္ဍာငွေကို သုံးစွဲရာတွင် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသုံးစွဲပြီးစာရင်းဇယားမှတ်တမ်းများကို လျှုဒါန်းထောက်ပံ့သည့် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာစာရင်းစစ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

(င) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၅၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ (င)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဇ)၊ အခန်း (၉)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၃၆ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏အနှစ်သာရကို မပြောင်းလဲစေဘဲ မြန်မာစာသတ်ပုံနှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုးပြီး ဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့် အပိုဒ်များနှင့် အခန်းများကိုလည်း ပြန်လည်စီစစ်ထားပါကြောင်းနှင့် အသေးစိတ် ပြင်ဆင်ချက်များကို ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ

လက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစိုးမြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီမှ စီစစ်တင်ပြသော ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် တင်ပြခြင်း အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီ၏ ကိုယ်စားဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျာ။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၄၇၁
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဇူလိုင် လ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို (၁၃-၇-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၂-၇-၂၀၁၅) ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ ခေတ်ကာလနှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင် ပင်စင်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိနေခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးဝင်းနိုင်ရှိန် မှ ဖတ်ကြားတင်ပြ အစီရင်ခံမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၅ - ၅၁၃
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

၁။ ပြည်သူ့လွှတ်တော်က ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၁၆-၇-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၁၂-၈-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ငွေစုဘဏ်လုပ်ငန်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၃ တွင် ဖော်ပြထားသော စကားရပ်များအစား ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော အသင်းအဖွဲ့များဆိုသည့် စကားရပ်ကို အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် အပိုဒ် ၆ တွင် ပါရှိသော အမည်စာရင်းကို ပြင်ဆင် ဖြည့်စွက်လိုပါကဆိုသည့် စကားရပ်ကို အမည်စာရင်းကို ပြင်ဆင်လိုပါက ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈ တွင် ဖော်ပြထားသော အကျိုးခံစားခွင့် ပြုလုပ်ထားခြင်း မရှိသောငွေစုသူ သေဆုံးပါက စုငွေလက်ကျန်ကို အမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန်မလိုဘဲဆိုသည့် စကားရပ်ကို အကျိုးခံစားခွင့် လွှဲအပ်ထားခြင်း မရှိသောငွေစုသူ သေဆုံးပါက စုငွေလက်ကျန်ကို အမွေထိန်းစာ လက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန်မလိုဘဲဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြင်ဆင်အစားထိုးသင့်ကြောင်းနှင့် အပိုဒ် ၉ တွင် ဖော်ပြထားသော စကားရပ်များအစား အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၉။ ငွေစုဘဏ်လုပ်ငန်းဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ-၁) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ-၁) သေဆုံးသွားသည့်ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင် မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမမရှိလျှင် အခြားသူများက တောင်းခံပါက အမွေထိန်းစာ လက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၉ အဖြစ် အသစ် ဖြည့်စွက်ထားသော ပုဒ်မ ၁၈ တွင် ပါရှိသော ပုဒ်မခွဲ (ဂ-၂)ကို မလိုအပ်၍ ပယ်ဖျက် သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထား ခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ငွေစုဘဏ်လုပ်ငန်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင်

စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးကြီးခင်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပညာရှင်များနှင့်တကွ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် အဖွဲ့ဝင် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်ခြင်း ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ -၅၁၉
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

၁။ ပြည်သူ့လွှတ်တော်က အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၂၉-၆-၂၀၁၅ ) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဆောင်သော တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် (၁၃-၈-၂၀၁၅) ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အမည်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့သည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဌာန အမည်များပြောင်းလဲခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်ထားခြင်းဖြစ်၍ ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၅ တွင် ဖော်ပြထားသော စကားရပ်များအစား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ တို့တွင် ပြဋ္ဌာန်း ထားသော ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် လည်းကောင်း၊ မူရင်းဥပဒေ

သည် ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သဖြင့် ယနေ့ခေတ် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း အောက်ပါအတိုင်းအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၅။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၅။ အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ် လက်ခံကိုယ်စားလှယ်သည် ထည့်ဝင်ပြီးမတည်ရင်းနှီးငွေ၏ (၁၀)ရာခိုင်နှုန်းနှင့်ညီမျှသော တင်သွင်းငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် အတိုးနှုန်း ခံစားခွင့်ရှိသည့် စာရင်းဖွင့်လှစ်ထားရှိရမည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သော တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဥပဒေကြမ်း ကော်မတီ၏ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင် ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ - ၅၁၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၁၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၁၅-၇-၂၀၁၅)ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်း ဥပဒေ ကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ် များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၁၀-၈-၂၀၁၅)ရက်နေ့ တွင် လေ့လာစိစစ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ရာဇဝတ် ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်းတွင်ပါရှိသော the High Court ဆိုသည့် စကားရပ်ကို a High Courtဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ the District Court ဆိုသည့်စကားရပ်ကို a District Court ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ the District Court or the Court of the Self-Administered Division or the Court of the Self-Administered Zone ဆိုသည့်စကားရပ်ကို a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဗ)၌ ပါရှိသော transportation ဆိုသည့်စကားရပ်ကို imprisonment for life, imprisonment for a term of unlimited period or imprisonment for a term of twenty years as provided in the relevant Law ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၂ ကို အပိုဒ် ၂၈ အဖြစ်ပြောင်းလဲအမှတ်စဉ်၍ အပိုဒ် ၂၈ ၏အောက်တွင် အပိုဒ် ၂၉၊ အပိုဒ် ၃၀ နှင့် အပိုဒ် ၃၅ တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က တွင် ပါရှိသော is produced ဆိုသည့် စကားရပ်ကို is produced, or if it is not physically and easily produceable, report and relevant documentary evidence may be submitted ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ တွင်ပါရှိသော any property or document produced before it ဆိုသည့်စကားရပ်ကို any property or document produced before it,or a report and other relevant documentary evidence or exhibit may be submitted to it if such exhibit is not physically and easily produceable before it, ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ တွင် အခြားဥပဒေများကို ကျူးလွန်မှုများ ခေါင်းစဉ် အောက်ရှိ စာတိုင် ၂၊ ပထမအပိုဒ်၌ ပါရှိသော transportation ဆိုသည့် စကားရပ်ကို imprisonment for life or imprisonment for a term of unlimited period or imprisonment for a term of twenty years as provided in the relevant Law ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၃၇၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ်(၅)၊ အပိုဒ်ခွဲ(က) သို့လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၃ တို့ကို အပိုဒ်(၅)၊ အပိုဒ်ခွဲ (ဃ) သို့ လည်းကောင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ (က) တို့ကို အပိုဒ်(၉)၊ အပိုဒ်ခွဲ(ဂ)သို့လည်းကောင်း၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(က)ကို အပိုဒ် (၉)၊ အပိုဒ်ခွဲ(ဃ) သို့လည်းကောင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၄ တို့ကို အပိုဒ် (၁၅)သို့လည်းကောင်း ပြောင်းရွှေ့အစားထိုးခဲ့သဖြင့် ထပ်မံထည့်သွင်းရန် မလိုအပ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မြန်မာစာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ လာသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၅၁၆
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၁၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၁၄-၇-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၁၀-၈-၂၀၁၅)ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၅ တွင် ဖော်ပြထားသော စကားရပ် များအစား ရာဇသတ်ကြီးပုဒ်မ ၄၉ တွင်ပါရှိသော British calendar ဆိုသည့် စကားရပ်ကို Gregorian calendar ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဆိုသည့် စကားရပ်နဲ့ အစားထိုး သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၆ တွင် ဖော်ပြထားတဲ့ စကားရပ်တွေအစားတော့ ရာဇသတ်ကြီး ပုဒ်မ ၅၃ ၏ ဒုတိယ ၊ ပုဒ်မ ၁၂၀-ခ ပုဒ်မခွဲ (၁)နှင့် ပုဒ်မ ၅၀၆ ဒုတိယအပိုဒ်တို့တွင် ပါရှိတဲ့ transportation ဆိုတဲ့ စကားရပ် တို့ကို imprisonment for a term of twenty years ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဆိုပြီးတော့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၁၀ ကို အပိုဒ် ၉ နှင့် အပိုဒ် ၁၀ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော

စကားရပ်များအစား အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

၉။ ရာဇသတ်ကြီးပုဒ်မ ၆၇၊ ပုဒ်မ ၆၉၊ ပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၂၉ တို့တွင် ပါရှိသော fifty kyats ဆိုသည့်စကားရပ်ကို five thousand kyats ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ ရာဇသတ်ကြီး ပုဒ်မ ၆၇၊ ပုဒ်မ ၆၉ ၏ ဥပမာ၊ ပုဒ်မ ၁၆၀ နှင့် ပုဒ်မ ၄၃၅ တို့တွင်ပါရှိသော one hundred kyats ဆိုသည့်စကားရပ်ကို ten thousand kyats ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၂ နှင့် အပိုဒ် ၂၃ ကို အပိုဒ် ၁၈ လို့ ပြင်ဆင်ပြီးတော့ အပိုဒ် ၁၈ ၏အောက်မှာ အပိုဒ် ၁၉ အဖြစ် ရာဇသတ်ကြီး ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၂၊ ပုဒ်မ ၁၇၃၊ ပုဒ်မ ၁၇၄၊ ပုဒ်မ ၁၇၅၊ ပုဒ်မ ၁၇၆၊ ပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၄၊ ပုဒ်မ ၁၈၆၊ ပုဒ်မ ၁၈၇၊ ပုဒ်မ ၂၇၇၊ ပုဒ်မ ၂၇၈၊ ပုဒ်မ ၂၇၉-က၊ ပုဒ်မ ၃၃၄၊ ပုဒ်မ ၃၃၆၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၅၂ နှင့် ပုဒ်မ ၄၄၇ တို့တွင်ပါရှိသော five hundred kyatsဆိုသည့်စကားရပ်ကို fifty thousand kyats ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဟု အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၅ ကို အပိုဒ် ၂၁ ဟု ပြင်ဆင်ပြီးတော့ ရာဇသတ်ကြီးပုဒ်မ ၁၄၁ ၏ ပထမအပိုဒ်နှင့် ပုဒ်မ ၁၆၁ တို့တွင်ပါရှိသော Union Parliament ဆိုသည့် စကားရပ်ကို Pyidaungsu Hluttaw ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၉၊ အပိုဒ်ခွဲ (က)ကိုတော့ အပိုဒ် ၂၃ လို့ ပြင်ဆင်ပြီးတော့ ရာဇသတ် ကြီး ပုဒ်မ ၁၇၁၊ ပုဒ်မ ၁၈၅၊ ပုဒ်မ ၁၈၇၊ ပုဒ်မ ၁၈၈၊ ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂဂ)၊ ပုဒ်မ ၂၈၃၊ ပုဒ်မ ၂၉၀၊ ပုဒ်မ ၃၅၈ နှင့် ပုဒ်မ ၄၉၁ တို့တွင်ပါရှိသော two hundred kyats ဆိုသည့် စကားရပ်ကို twenty thousand kyats ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၉၊ အပိုဒ်ခွဲ (ခ)ကို အပိုဒ် ၂၄ လို့ ပြင်ဆင်ပြီးတော့ ရာဇသတ်ကြီး အခန်း (၉-က)ကို ပယ်ဖျက်ရမည် ဆိုတဲ့စကားရပ်ကို အစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၄၆ ကို အပိုဒ် ၂၇ ဟု ပြင်ဆင်ပြီး အပိုဒ် ၂၇ ရဲ့ အောက်မှာ အပိုဒ် ၂၈ အဖြစ် ရာဇသတ်ကြီး ပုဒ်မ ၃၆၁ တွင် ပါရှိသော under sixteen years of age if a femaleဆိုသည့် စကားရပ်ကို under eighteen years of age if a femaleဆိုသည့် စကားရပ်နဲ့ အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၅၀ ကို အပိုဒ် ၃၁ ဟု ပြင်ဆင်ပြီး အပိုဒ် ၃၁ ၏အောက်တွင် အပိုဒ် ၃၂ အဖြစ် ရာဇသတ်ကြီး ပုဒ်မ ၅၁၁ တွင်ပါရှိသော transportation or imprisonment ဆိုတဲ့စကားရပ်ကို any term

of imprisonment which may extend to twenty years ဆိုတဲ့ စကားရပ်ဖြင့် အစားထိုးရမည်ဟု အသစ် ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဃ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၅၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ(ခ)တို့ကို အပိုဒ် ၃ သို့ လည်းကောင်း၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၂၊ အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၇ သို့လည်းကောင်း၊ အပိုဒ် ၄၃၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇ နှင့် အပိုဒ် ၂၆ သို့လည်းကောင်း၊ အပိုဒ် ၄၉ ကို အပိုဒ် ၉ သို့လည်းကောင်း၊ အပိုဒ် ၂၇ ကို အပိုဒ် ၁၀ သို့လည်းကောင်း၊ အပိုဒ် ၅၁ ကို အပိုဒ် ၁၁ နှင့် ၃၀ သို့ လည်းကောင်း၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ တို့ကို အပိုဒ် ၁၆ သို့ လည်း ကောင်း၊ အပိုဒ် ၂၁ ကို အပိုဒ် ၁၆ နှင့် အပိုဒ် ၁၇ သို့လည်းကောင်း၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ) တို့ကို အပိုဒ် ၁၉ သို့လည်းကောင်း၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၁ သို့ လည်း ကောင်း၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၄၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၅ တို့ကို အပိုဒ် ၂၂ သို့ လည်းကောင်း၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၄၊ အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၂၃ သို့လည်းကောင်း ပြောင်းရွှေ့ အစားထိုးပြီးပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထပ်မံထည့်သွင်းရန် မလိုအပ်တော့ကြောင်းတင်ပြလိုပါတယ်။ ဒီပြင်ဆင်တဲ့ ဥပဒေမှာပါရှိတဲ့ အပိုဒ် ၈ ကိုတော့ မလိုအပ်တဲ့အတွက်ကြောင့် ပယ်ဖျက်သင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

(င) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ် ရေးထိုးပြီး ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]